


# ပုဏ္ဏလှနှင်းဝေ

## ချစ်ဦးလှည့်ခွင့်ပေးပါ

ပန်းနှီရွှေဘေးကို

# အခန်း (၁)

"ဟော့ . . . မျက်ချယ်"

"ဟင်. . ."

သာယာလှသော ညနေခင်း၏ အလှကို ပွင့်မျက်ချယ် ခံစားနေစဉ် သူ၏ အမည်အား ခေါ်သံ က ခံစားမှုကို ပြတ်တောက် ဖျက်ဆီးလိုက်သည်။

"ဘာလဲ. . .မမဝင့်"

အစ်မဖြစ်သူ ဝင့်သက်လယ်ကို လည်ပြန်လေးကြည့်ပြီး ထူးလိုက်သည်။

"ငါ သိပ် စိတ်ညစ်တာပဲ မျက်ချယ်ရယ်"

ပွင့်မျက်ချယ်နား ခုံတန်းတွင် ဝင်ထိုင်သည်။ ဝင့်သက်လယ်က စိတ်ညစ်ညူးစွာ ညည်းတွား သည်။

စောစောက သာယာနေသော ပန်းခြံလေး ပွင့်မျက်ချယ်အတွက် ချက်ချင်း အကျည်းတန် သွားသည်။ ဒုက္ခတွေ စိတ်ဆင်းရဲစရာတွေကိုသာ သယ်လာလေ့ရှိသော ဒုက္ခကုန်သည် ဝင့်သက် လယ်ကို ခပ်တည်တည် ကြည့်ပစ်လိုက်သည်။

"မမဝင့် စိတ်ညစ်စရာကို မပြောနဲ့တော့၊ မျက်ချယ် မကြားချင်ဘူး"

"မျက်ချယ်ကို အသိပေးရမှာမို့ ပြောရမှာပဲကွယ်"

"အို မျက်ချယ် ဘာမှ မသိချင်ဘူး"

"မသိချင်လို့ မရဘူး၊ မျက်ချယ်နဲ့ တိုက်ရိုက် သက်ဆိုင်နေတဲ့ကိစ္စ ပြောမှာ"

"ဘာရယ်"

"အို. . . မျက်ချယ်လေးကလဲ မမမှာ ဘယ်သူများ တိုးတိုးဖော်ရှိလို့လဲ၊

ဟောဒီ ညီမလေးကို မှ ရင်မဖွင့်ရရင် မမ ဘယ်လိုဖြေရှင်းရမှာလဲကွယ်”

ဝင့်သက်လယ်က မျက်ရည်လေး တဝဲဝဲနှင့် ပြောသည်။ ဤသည်က ဝင့်သက်လယ် လုပ် နေကျအလုပ်။ မဟုတ်တာတွေ ထင်တိုင်းလုပ်ပြီး သည်လိုပဲ ညီမငယ်ကို မျက်ရည်ခံထိုးနေကျ။

ဖြူဖြူသွယ်သွယ်နှင့် ကော်ပတ်ရုပ်လေးလို လှသော အစ်မကို ပွင့်မျက်ချယ် စေ့စေ့ကြည့် လိုက်သည်။ ခေတ်ဆန်လွန်း၍ ခေတ်ရှေ့ကို ဟိုးတစ်မိုင်လောက် ရောက်နေတဲ့ ဝင့်သက်လယ်။

ပင်ကို အလှမှာ အခြယ်အသတွေ စွက်ဖက်ထားတော့ လှသထက် လှ၊ ချောသထက် ချော နေပါသည်။

ဝင့်သက်လယ်က အကြီးသာ ဆိုသည်၊ စိတ်ရော လူပါ မရင့်ကျက်သေးပါ။ အစ်မကြီး အမိ အရာ မမြောက်သော အစ်မကြီးဖြစ်လသည်။

“ဖေဖေတို့ မေမေတို့ မရှိတဲ့နောက် မမမှာ ညီမလေးကိုပဲ အားကိုးနေရတာ မဟုတ်လား”

ကျလည်း ကျလောက်တဲ့ ဝင့်သက်လယ်၊ သူ့ထက် ငါးနှစ်လောက် ငယ်သော ညီမကို အားကိုးနေရသည်တဲ့။

အစ်မကို ချစ်ပါသော်လည်း အမြော်အမြင်တရားခေါင်းပါးသော အစ်မကို တစ်ခါတစ်ခါ စိတ်ကုန်ခန်းမိပါသည်။

“မမကတော့ ချစ်လိုက်ရတာ ၊ ညီမလေးက တစ်ခါတလေ သိပ်စိမ်းတာပဲကွယ်”

အနားလာကပ်ပြီး အလွမ်းသယ်နေသော ဝင့်သက်လယ်ကို ထုံးစံအတိုင်း ပွင့်မျက်ချယ် အလိုလိုက်ရတော့သည်။

“ကဲပါ … မမဝင့်၊ မျက်ချယ် နားထောင်နေပါတယ်”

“အို … ညီမလေးကလေ မမအလိုကို အမြဲလိုက်လို့ ပိုပြီး ချစ်ရပြီကွယ်”

ပွင့်မျက်ချယ် သူမ၏ မျက်ဝန်းနက်နက်လေးကို မျက်အိမ်ထောင့်သို့ကပ်ပြီး ဝင့်သက်လယ် ကို ကြည့်လိုက်သည်။

“ပြောမှာ ပြောပါ မမဝင့်ရာ”

“မမဝင့်ရဲ့ ဖြစ်ကြောင်းကုန်စင်ကို မပြောခင် ကြိုပြီးညီမလေးကို တောင်းပန်ပါရစေ”

“ဟာ … မမဝင့် ဘာတွေမှန်း မသိဘဲ မျက်ချယ်က ဘယ်လိုခွင့်လွှတ်ရမှာလဲ”

“အေးလေ၊ အခု သိအောင် ပြောမလို့ပဲ ဒါကြောင့် ညီမလေး ခွင့်မလွှတ်နိုင်တဲ့ကိစ္စ ဖြစ်မှာ စိုးလို့ပေါ့”

“ကဲပါ … မမရယ်၊ ဗာရာဏသီ ချီမနေပါနဲ့၊ ပြောမှာသာ ပြောပါ”

ပြောခိုင်းလိုက်ပေမယ့် ဝင့်သက်လယ်ထံမှ ဘာစကားမှ မထွက်လာ။ နီနီရဲရဲ ဆိုးထားသော နှုတ်ခမ်းလွှာနှစ်ခုက တဆတ်ဆတ်တုန်နေသည်။

“ရင်ထိတ်လိုက်တာ မမရယ်၊ ဘာတွေ ဖြစ်နေလဲ၊ မျက်ချယ်ကို မြန်မြန် ပြောစမ်းပါ”

ဘာလို့များ ဝင့်သက်လယ် သည်လောက် ဂမ်းနည်းနေပါလိမ့်။ ပွင့်မျက်ချယ်၏ ရင်ထဲမှာ စိုးရိမ်စိတ်လေးတွေ ခုန်ပျံ ပြေးလွှားနေသည်။

“မမ သိပ်မိုက်ခဲ့တယ် မျက်ချယ်ရယ်”

“ဘုရားရေ … မမဝင့်ဘာတွေဖြစ်နေပြီလဲ” ဟု ရင်ထဲမှာ အပြေးအလွှားပူပင်မိသည်။ ဝင့်သက်လယ် အတွက် စိုးရိမ်စိတ်များ ပြည့်လျှမ်းလာသည်။

“မမဝင့်ကို ကိုသိန်းဇံကြီးက သစ္စာဖောက်သွားလို့လား ဟင်”

“အို … မဦးမချွတ် ….”

ဝင့်သက်လယ်က မျက်နှာကို လက်ဝါးနှင့် အုပ်ပိုနေရင်းက ခေါင်းထောင်ပြီး ပြောလိုက် သည်။

“ဟင် … ဒါဆို ဘာလဲ မမဝင့်ရဲ့”

“မမ ပြောရမှာ မထွက်ဘူးကွယ်။ ညီမလေး စိတ်ဆိုးမှာ ကြောက်လိုက်တာ”

ပွင့်မျက်ချယ် စိတ်ညစ်လှပါပြီ။ သည်အစ်မတစ်ယောက်အတွက်နဲ့ ပွင့်မျက်ချယ် မကြာခဏ စိတ်ညစ်ခဲ့ရပါသည်။

“ဟင်း”

သက်ပြင်းတစ်ချက် ပြင်းပြင်းလေး ချလိုက်သည်။

“မမရယ် အပိုတွေ ပြောမနေပါနဲ့၊ အမြဲ မမထုပ်ချင်တာတွေပဲ စွတ်လုပ်ခဲ့တာ မဟုတ်လား …”

“မျက်ချယ်ကို ဘယ်တုန်းက မမ ကြောက်ခဲ့ဖူးလို့လဲ၊ အခုလဲ ကြောက်မနေပါနဲ့တော့”

“မမတို့ ဘယ်လိုလုပ်ကြမလဲ မျက်ချယ်”

“ဘယ်လို လုပ်ရမလဲ ဟုတ်လား၊ အစက ဒီလိုဖြစ်မယ်လို့ မမ မတွက်ခဲ့ဘူးလား”

“အေးကွယ် … ပြန်ရွေးနိုင်မယ်ထင်ပြီး မမလုပ်ခဲ့တာ”

ဝင့်သက်လယ်က မျက်နှာငယ်ငယ်အသံလေးညောင်နာနာနှင့် ပြောသည်။

"နေပါဦး … ဒီလောက်များတဲ့ ပိုက်ဆံတွေ မမ ဘာလုပ်ပစ်လဲ"

ပွင့်မျက်ချယ်က ဒေါသသံတွေနှင့် မေးသည်။

"မမလေး မေမေ မမာတုန်းက ချေးထားတဲ့ ပိုက်ဆံတွေ ဆပ်ချင်တာရယ် … စီးပွားရေး တစ်ခုအတွက် ရင်းနှီးချင်တာနဲ့ ပေါင်လိုက်တယ်"

ပွင့်မျက်ချယ်တို့၏ အမေသည် လွန်ခဲ့သော နှစ်နှစ်ခန့်က ကွယ်လွန်ခဲ့သည်။ နာတာရှည်၊ လေငန်းရောဂါကို လေးနှစ်လောက် ခံစားပြီးမှ ကွယ်လွန်ခဲ့သည်။

မိခင်အတွက် ကုန်ကျစရိတ်က ကြီးမားခဲ့သည်ကို ပွင့်မျက်ချယ် သိပါသည်။ အကြွေးတင်ခဲ့ တာလဲ မှန်ပါသည်။ သို့ပေမယ့် စီးပွားရေးအတွက်ဆိုတာကို ဘယ်လိုမှ လက်မခံနိုင်ပါ။

"မေမေ့အတွက်ကုန်တာ ထားလိုက်ပါတော့ မမ၊ စီးပွားရေးရင်းနှီးတယ်ဆိုတာ ဘယ်မှာလဲ ဘာစီးပွားရေးတွေ မမ လုပ်နေတာလဲ"

"ဟို … ဟိုလေ … မမ ကုန်ကူးတဲ့ လူတွေနဲ့ စပ်တူလုပ်ခဲ့တယ်"

"အင်း … ဆိုစမ်းပါဦး"

"တစ်ခေါက်ရှုံးလို့ အဲဒီ အရှုံးကို ထေဖို့ နောက်ထပ်ရင်းနဲ့၊ အဲလို လုံးချာလည်ပြီး ကြွေးတွေ တစ်ရစ်ပြီး တစ်ရစ် တက်ခဲ့တယ် ညီမလေးရယ် …"

ဝင့်သက်လယ်ကို ချာခနဲ ပွင့်မျက်ချယ် လှည့်ကြည့်လိုက်သည်။

"မမ အသုံးအဖြုန်းကြီးလို့ ကုန်တာရော ထည့်မပြောတော့ဘူးလား"

ဝင့်သက်လယ်၏ အရှိက်ကို ထိုးလိုက်သလို ပွင့်မျက်ချယ်၏ စကားက ထိရောက်လှပါသည်။

"မေမေတို့ထားခဲ့တဲ့ အတွင်းပစ္စည်းတွေလဲ မမဖြုန်းလို့

ကုန်ပြီမဟုတ်လား”

အမှန်တရားတွေချည်းမို့ ဝင့်သက်လယ် မချေပနိုင်ပါ။

“မျက်ချယ်တို့မှာ အမွေအနှစ်ဆိုလို့ ဒီအိမ်တစ်ခုတည်း ကျန်တော့တာ မမမို့ လုပ်ရက် တယ်”

မီးဝင်းဝင်းတောက်မတတ် မျက်လုံးတွေနှင့် ပွင့်မျက်ချယ် ကြည့်လိုက်သည်။

ပွင့်မျက်ချယ် ပစ္စည်းမက်မောသူ မဟုတ်။ မမက်မောလို့လည်း အတွင်းပစ္စည်းမှန်သရွေ့ ဝင့်သက်လယ်ကိုပဲ ပုံပေးခဲ့သည်။

ဒါပေမယ့် မိဘနှစ်ပါးလုံး ခေါင်းချသွားသောသည့် အိမ်ကြီးကိုတော့ နှမြောလှပါသည်။ တစ်ခုတည်းသော မိဘ၏ အမွေအနှစ်ကို ထိန်းသိမ်းထားလိုပါသည်။

လူမိုက်လက်ထဲမှာ ရှိသမျှကို မျက်ချယ် ဂကွက်အပ်ထားသည်။ လူမိုက်နှင့်အတူ ငွေမနေ ဆိုတာ မှန်လိုက်လေခြင်း။

“ကဲ … ပြောပါဦး၊ မျက်ချယ်တို့ အိမ်ကို ဘယ်လိုပြန်ရွေးမှာလဲ”

“မမက မသိလို့ မျက်ချယ်ကို အကြံတောင်းနေတာပေါ့”

ကြည့်ပါလား။ ဝင့်သက်လယ်၏ အပြောကိုက။ လုပ်ချင်တာ လုပ်ပြီးမှ တာဝန်မဲ့စကား ပြောလွန်းသည်။

“ဒီလောက်များတဲ့ငွေကို ဘယ်လို ရှာရမှာလဲ မမဝင့်ရယ် …”

ပွင့်သက်လယ် ခေါင်းကို တဖျည်းဖျည်းကုတ်ပြီး ခြေဆောင့်ကာ ပြောလိုက်သည်။

သူ မြတ်နိုးတွယ်တာလှသော အိမ်ကြီးကို

ဆုံးရှုံးရတော့မည်ဆိုသောအသိက သူ၏ အသည်းနှလုံးကို ထိုးနှက်နေသည်။ ရင်ထဲတွင် ဆောက်တည်ရာမရအောင် ခံစားနေရသည်။

"ဘယ်သူဆီမှာ ပေါင်ထားတာလဲ"

"မမရဲ့ မိတ်ဆွေတစ်ယောက်ဆီမှာလေ"

"အင်းလေ ... သူ့နာမည်ကို မေးနေတာ"

ပွင့်မျက်ချယ်၏ လေသံတွင် စိတ်မရှည်မှုတွေ ရောနှောနေသည်။

"ကိုကောင်းထက်မိုး ဆီမှာပါ၊ သူက သိပ်ချမ်းသာတာ ညီမလေးရဲ့"

"အဲလို သူများပစ္စည်းတွေ မတရား စျေးနှိမ်ယူပြီး ချမ်းသာတာ နေမှာပေါ့"

လူကို မတွေ့ခင်ကတည်းက မျက်ချယ် ကောင်းထက်မိုးကို မုန်းမိသည်။ သူတစ်ပါး၏ ပစ္စည်းကို မတရားယူနေသူတစ်ယောက်ဟု တပ်အပ် စွပ်စွဲလိုက်မိပါသည်။

"ကိုကောင်းထက်မိုးက စိတ်ကောင်းရှိပါတယ်ကွယ်"

"စိတ်ကောင်းရှိလို့ပဲ။ အခု မမရဲ့အိမ်ကို သိမ်းနေပြီ မဟုတ်လား"

"ဒါက သူ့အလွန် မဟုတ်ပါဘူး၊ မမကိုက ကတိမတည်ခဲ့တာကိုး"

"တော်စမ်းပါ မမဝင့်၊ ဒီလူကို မမြင်ခင်ကတည်းက မျက်ချယ် သေမလောက်မုန်းတယ် သိလား"

"မုန်းတာ အသာထား၊ ဘယ်လိုလုပ်ကြမလဲ မျက်ချယ်"

"အို ... မသိဘူး ... မသိဘူး"

ပွင့်မျက်ချယ် ဆောင့်ဆောင့်အောင့်အောင့် ပြောပြီး ဝင့်သက်လယ်အပါးမှ ပြေးထွက်ခဲ့ သည်။

သူမ၏ အခန်းထဲသို့ ပြေးဝင်သွားသည်။ ခုတင်ပေါ်တွင်မှောက်ပြီး အသည်းတွေ ပျက်သုဉ်း လုနီးပါး ငိုကြွေးလိုက်မိသည်။

ညစာထမင်းကိုလည်း ထွက်မစားတော့ပေ။ ဝင့်သက်လယ်နှင့်လည်း မျက်နှာချင်းမဆိုင်ချင် သေး။ ရင်ထဲက ပူလောင်လွန်း၍ ရေတစ်ခွက်သောက်ပြီး အိပ်ရာသို့ ဝင်လေတော့သည်။

*

နံနက်စောစော မိုးပင်မလင်းခင် ပွင့်မျက်ချယ် သူမ၏ အခန်းတွင်းမှ ထွက်ခဲ့သည်။ ငိုရလွန်း ၍ ကျိန်းစပ်နေသော မျက်ဝန်းကို ပွတ်သပ်လိုက်သည်။

ဝေလီဝေလင်း အချိန်ပင် ဖြစ်လင့်ကစား ခြံထဲသို့ဆင်းခဲ့သည်။ ကြီးမားလှသော နှစ်ထပ် တိုက်ကြီး၏ ရှေ့တွင် ပန်းခြံလေးထဲ၌ အရောင်အသွေး စုံသောပန်းများ ဝေဆာနေသည်။

နှင်းငွေ့လေးများပါသော လေအေးနုနုက ပွင့်မျက်ချယ်ကို ဆီးကြိုနေသည်။ ထုံသင်းသော ပန်းရနံ့ကလည်း နွမ်းခွေနေသော စိတ်ကို ချော့မြူလိုက်ပါသည်။

အိမ်ရှေ့ တည့်တည့်မှာ ရပ်ပြီး မိဘများ ခေါင်းချခဲ့သော၊ မိဘများ၏ တစ်ခုတည်းသော အခိုင်အခံ့ အမွေအနှစ်ကြီးကို နှမြောတစွာ ကြည့်နေမိသည်။

ပွင့်မျက်ချယ်၏ မျက်ဝန်းတွင် မျက်ရည်တွေ ပြည့်အိုင်လာသည်။ စမ်းချောင်းသဖွယ် မို့ မောက်သောပါးပြင်မှ ဖြတ်ဆင်းသွားသည်၊ မျက်ရည်တွေကို သုတ်ပစ်ဖို့ မလှုပ်ရှားမိပါ။

ငယ်စဉ်ကတည်းက နေခဲ့သော ဤဂေဟာကြီးကို ပွင့်မျက်ချယ်လွန်စွာမှ

တွယ်တာခဲ့ပါ သည်။ ဤအိမ်ကြီးထဲမှာပဲ ကြီးပြင်းခဲ့ရသူမို့ မျက်စိမှိတ်ပြေးတောင် ခလုတ်မတိုက်အောင် ပွင့်မျက်ချယ် ပြေးလွှားနိုင်ပါသည်။

“နှစ်သိန်းကျော် ငွေကို ဘယ်လိုရှာရမလဲ၊ အိမ်က ဒီထက်မက အများကြီးတန်တာ”

ပွင့်မျက်ချယ် ဦးနှောက်တွေ ပွင့်ထွက်မတတ် ညက စဉ်းစားခဲ့ပါသည်။ နှစ်သိန်းဝေးလို့ နှစ်သောင်းတောင်ရှာနိုင်သည့် အင်အား ပွင့်မျက်ချယ်မှာ မရှိပါ။

ရန်ကုန်တက္ကသိုလ် ရက္ခဗေဒဌာနမှ သရုပ်ပြ ဆရာမလေး ပွင့် ဘယ်လိုလုပ်ပြီး ရှာနိုင်မှာ လည်း ရသည့် လခလေးနှင့် တစ်လ တစ်လ အလျှင်မီအောင် မနည်းကြိုးစားခဲ့ နေရတာ ပဲ။

“အို … လူတောင် တစ်နေ့ သေရသေးတာပဲ မတတ်နိုင်ဘူး၊ အိမ်ပေါ်က ဆင်းပေးရမှာပဲ”

နောက်ဆုံး သူ့ကိုယ်သူ အားပေးစကားလေးနှင့် ဖြေသိမ့်လိုက်သည်။ နေးကွေးသော ခြေလှမ်းတွေနှင့် အိမ်ထဲသို့ ဝင်ခဲ့သည်။

“ပွင့်မျက်ချယ်လေး အေးက အေးနဲ့ ခြံထဲ ဘာလို့ အစောကြီး ဆင်းတာလဲ”

မိဘများ ရှိစဉ်တည်းက စဖိုမှူးလုပ်ခဲ့သော ဒေါ်သန်းက ဆီးကာ ပြောသည်။ ပွင့်မျက်ချယ် ကို ဝင့်သက်လယ်ထက် ဒေါ်သန်းက ပိုချစ်သည်။ ပို၍ သံယောဇဉ်တွယ်သည်။

အရွယ်နှင့်မလိုက် ငယ်စဉ်တုန်းကတည်းက လိမ္မာခဲ့သည်မို့ ပို၍ သနားသည်။

“မျက်ချယ်၊ စိတ်ညစ်လိုက်တာ ဒေါ်သန်းရယ်”

“အင်း … ဝင့်သက်လယ်ကြောင့် မဟုတ်လား”

ပွင့်မျက်ချယ်က မျက်ရည်လေး တဝဲဝဲနှင့် လေးပင်စွာ ခေါင်းညိမ့်လိုက်သည်။

"ဒါများ အဆန်းလုပ်လို့ သမီးရယ်၊ တစ်သက်လုံး သူ့ကြောင့်ပဲ စိတ်ဆင်းရဲခဲ့ရတာ မဟုတ်လား"

ပွင့်မျက်ချယ်က မျက်ရည်လေး တဝဲဝဲနှင့် လေးပင်စွာ ခေါင်းညိမ့်လိုက်သည်။

"အခုက အရင်ခါတွေထက် ပိုဆိုးတယ် ဒေါ်သန်း"

"သူ့ ပြဿနာ သူရှင်းပါစေ၊ ငါ့ သမီး စိတ်ညစ်ခံမနေနဲ့"

ဒေါ်သန်းက ဘုမသိ ဘမသိ နှင့် ပြောနေ ပြန်သည်။ ယခု ကိစ္စက ပွင့်မျက်ချယ်နှင့် တိုက်ရိုက် သက်ဆိုင်နေတာ ဒေါ်သန်းမှ မသိဘဲ။

ဒေါ်သန်းကို ပွင့်မျက်ချယ် ဖြေမရှင်းနေတော့ပါ။ စိတ်ညစ်လွန်း၍ စကားပင် မပြောချင် တော့ပါ။

"ဒေါ်သန်း ကော်ဖီ ဖျော်ထားတယ်၊ သောက်လိုက်နော် မျက်ချယ်"

ညကလည်း ထမင်းမစားသဖြင့် ဗမ်းထဲတွင် ပူလောင်နေသည်။ စားချင်သောက်ချင်စိတ် မရှိပေမယ့် ကော်ဖီတစ်ခွက်ကို ပွင့်မျက်ချယ် မော့လိုက်သည်။

"ဟော ... ညီမလေးတောင် နိုးနေပြီ ကိုး ..."

လာပါပြီ။ ခင်ပြဿနာ၊ သူ့မျက်နှာကို မြင်တော့ ပွင့်မျက်ချယ် ပို၍ စိတ်ညစ်သွားသည်။ စားပွဲတွင် ဝင့်သက်လယ် ဝင်ထိုက်လိုက်သည်။ ကရားထဲမှ ကော်ဖီကို ပန်းကန်လုံးထဲ ငှဲ့ထည့် လိုက်သည်။

"ဒေါ်သန်း ဈေးသွားဦးမယ်ဟော့"

ဒေါ်သန်းက ဈေးခြင်းလေး ဆွဲပြီး၊ သူတို့ အပါးမှ ထွက်သွားသည်။

"မျက်ချယ် မမကို သိပ်စိတ်ဆိုးနေလား ဟင် ..."

ပွင့်မျက်ချယ် ပြန်မဖြေဘဲ အမိပွာယ်မဲ့စွာ ကော်ဖီပန်းကန်လုံးကို စိုက်ကြည့်နေသည်။

"ဟို ... မမကိုလေ ကိုသိန်းဇံက လက်ထပ်ခွင့်တောင်းနေပြီ၊ အဲဒါ ညီမလေးကို ပြောမလို့"

"ယူလိုက်ပေါ့"

"ယူတာက ဟုတ်တယ် မျက်ချယ်၊ ဒီအိမ်ကိစ္စ သိသွားလို့ကတော့ သူ့အဖေ ကပ်စေးနည်း ကြီးကော၊ သူကော စိတ်ဆိုးကြလိမ့်မယ်"

"ဒါ ဆိုးသင့်တဲ့ကိစ္စပဲ"

ပွင့်မျက်ချယ် စိတ်တိုတိုနှင့် ဘုတောလိုက်သည်။

"စိတ်ဆိုးတာ ကိစ္စမရှိဘူး၊ တော်ကြာ မမကို လက်မထပ်တော့ဘူးဆိုရင် ခက်မှာ"

"အဲဒီ တော့ နောက်တစ်ယောက် ထပ်ရှာပေါ့"

ပွင့်မျက်ချယ်၏ မထီတတီ စကားကြောင့် ဝင့်သက်လယ် စိတ်မကောင်းဖြစ်မိသည်။ အလွန် သဘောထားပြည့်ခဲ့သော ညီမလေး သူ့ကို စိတ်အနာကြီးနာနေသည်ဆိုတာ သိလိုက်သည်။

ယခုမှ သူမလည်း ရေရေလည်လည် နောင်တရနေပါသည်။ မိုက်တွင်းနက်ခဲ့သည့်အဖြစ်ကို ယူကျုံးမရအောင် ခံစားနေရပါသည်။

"ညီမလေး မျက်ချယ် ..."

မျက်ချယ်က မျက်နှာတင်းတင်းနှင့် သက်လယ်ကို ကြည့်လိုက်သည်။

"ကိုသိန်းဇံတို့ ချမ်းသာတဲ့ အတိုင်းအတာကို ညီမလေး သိပါတယ်နော်"

"သူတို့ ချမ်းသာတာကို ဘာလုပ်ရမှာလဲ"

"အဟင်း ... ညီမလေး သိပ်စိတ်ဆိုးနေတာကိုး၊ ဆိုးလဲ ဆိုးသင့်ပါတယ်ကွယ်၊ မမကိုက မိုက်လုံးကြီးတာပါ၊ တစ်ကိုယ်ကောင်း ဆန်ခဲ့တာပါကွယ်"

ဝင့်သက်လယ် ဂမ်းပမ်းတနည်း ငိုလိုက်သည်။

ဝင့်သက်လယ်ကို အမြင်ကတ်ကတ်နှင့် မနှစ်သိမ့်မိပါ။ ပြီးမှ တစ်ခါမှ သက်လယ် သည်လို ငိုတာကို မတွေ့ဖူးခဲ့၍ သနားစိတ်လေး ဝင်လာသည်။

ပွင့်မျက်ချယ်၏ ဒေါသစီတကို သနားဂရုဏာစိတ်က အနိုင်ရလိုက်ပါသည်။ ဝင့်သက်လယ် ငိုနေတာကို ကြည့်ပြီး သူမ၏ စိတ်ထားက ပျော့ပျောင်းသွားသည်။

"ငိုမနေနဲ့တော့ မမဝင့်၊ ဘယ်လိုမှ ပြင်လို့ မရတဲ့အမှားကို လုပ်ခဲ့ပြီးမှ နောင်တရ မနေပါနဲ့ တော့"

နီရဲ့ မို့အစ်နေသော မျက်လုံးတွေနှင့် ဝင့်သက်လယ်က သူမကို ကြည့်သည်။

"မျက်ချယ် ဘာလုပ်မယ် စတ်ကူးတာလဲဟင်"

"ငွေနှစ်သိန်းကျော်မှ မတတ်နိုင်တာ ဒီအိမ်ပေါ်က ဆင်းပေးလိုက်ရုံပေါ့ မမဝင့်"

" အို ... ဆင်းလို့ မဖြစ်ဘူး"

ဝင့်သက်လယ်က မျက်လုံးကြီး ပြူးဝိုင်းပြီး အကြောက်အကန် ငြင်းသည်။

“မမရဲ့ လူကြီးက ဆင်းခိုင်းနေပြီး မဟုတ်လား၊ မျက်ချယ်မှာ တခြားနည်းလမ်းမှ မရှိတော့တာ”

“မဖြစ်ဘူး မျက်ချယ်၊ ဆင်းပေးလို့ ဘယ်နည်းနဲ့မှ မဖြစ်ဘူး”

“ဘာလို့ မဖြစ်ရမှာလဲ”

ပွင့်မျက်ချယ်က ဆောင့်ဆောင့်လေး အသံနှင့် မေးသည်။

“ကိုသိန်းဇံ မမတို့ကို အထင်သေးသွားမှာပေါ့”

“သေးလဲ သေးပစေပေါ့”

“တော်ကြာ မမကြောင့် ဒီအိမ်ကြီး အပေါင်ဆုံးသွားတာ သိသွားရင် ဒုက္ခရောက်ရချည်ရဲ့”

ပွင့်မျက်ချယ် စိတ်ပျက်စွာနှင့် ဝင့်သက်လယ်ကို ကြည့်လိုက်သည်။

“ဒီလို ဖြစ်မယ်ဆိုတာ မမ အစက စဉ်းစားပါလား”

“ပြောတော့မျက်ချယ် ပြောတော့”

ခေါင်းကို တဖျဉ်းဖျဉ်းကုတ်ပြီး ဝင့်သက်လယ်က ပြောလိုက်သည်။

“ဒီမှာ ညီမလေး၊ မမပြောတာ စိတ်ရှည်ရှည်ထားပြီး နားထောင်ပေးပါနော်”

မျက်နှာသေလေးနှင့် ပွင့်မျက်ချယ်ကိုကြည့်ပြီး တောင်းပန်နေသည်။

“အခုနေမှာ ဒီအိမ်ကိစ္စကို သိရင် ကိုသိန်းဇံ အမေက သူ့သားနဲ့မယူဖြစ်အောင် ဖျက်မှာပဲ၊ ပြီးတော့ ကိုသိန်းဇံကလဲ မမကို အထင်သေးလိမ့်မယ်”

“ဒါဆို ကိုသိန်းဇံကြီးက မမကို တကယ်မချစ်တာဘဲ၊ ပစ္စည်းမက်လှချည်လား”

“ပစ္စည်းမက်တာ မဟုတ်ဘူး၊ မမကို အသုံးအဖြုန်းကြီးတယ်ဆိုပြီး ခါသွားမှာ”

“နေပါဦး … မမ ဘာတွေကြံစည်ထားလဲ မျက်ချယ်ကို နားလည်အောင် ပြောစမ်းပါ”

“ကိုသိန်းဖံနှင့် လက်ထပ်ဖို့ အစီအစဉ်မပျက်ဖို့ အရေးကြီးတယ်”

“သူတို့ ချမ်းသာတာ မျက်ချယ်သိတယ်မဟုတ်လား၊ လက်ထပ်တဲ့နောက်ပိုင်း မမမှာ ကိုသိန်းဖံရဲ့ ပစ္စည်းတွေ ပိုင်ဆိုင်ရပြီမို့ အိမ်ကိုပြန်ရွေးဖို့ သိပ် မခက်ခဲတော့ဘူးလေ”

ဉာဏ်နီဉာဏ်နက် သုံးရမည်ဆိုလျှင် ဝင့်သက်လယ်ကတို့က ပိုင်ပြီးသား။

ကိုသိန်းဖံ လူအေးကြီးကို လှည့်ပတ်ပြီး အိမ်ရွေးရန် ငွေကိုတောင်းမည်ဟု ဆုံးဖြတ်ပြီးသား။

“မမရဲ့ ကိုကောင်းထက်မိုးက စောင့်နိုင်ဦးမှကိုး”

“အဲ … အဲဒါကြောင့် ညီမလေးကို အကူအညီတောင်းမလို့”

“မျက်ချယ်က ကူညီရမယ် ဟုတ်လား”

ပွင့်မျက်ချယ်က တအံ့တဩ မေးလိုက်သည်။

“ဟုတ်တယ်လေ … ကိုကောင်းထက်မိုးဆီ သွားပြီး လေးငါးလလောက် စောင့်ဖို့ တောင်းပန်ပေးပါ”

“မမတောင် တောင်းပန်လို့ မရတာ ဘဲ”

“မျက်ချယ်ရယ် .. မမကို နောက်ဆုံးအနေနဲ့ ဒီတစ်ခုကို ကူညီပါကွယ်၊ မမကို အယုံအကြည်နည်းပေမယ့် မျက်ချယ်ရဲ့စကားကိုတော့ သူယုံမှာပါ”

ပွင့်မျက်ချယ်၏ လက်ကလေးကို ဆုပ်ကိုင်ပြီး တောင်းပန်သည်။

"နောက်ကိုလေ မမ ဒုက္ခမပေးတော့ပါဘူး"

မျက်နှာငယ်လေးနှင့် ရှိခိုးမတတ် တောင်းပန်နေသည်။

"ညီမလေး ဒီအိမ်ကို ခင်တွယ်တယ်ဆိုတာ မမ သိပါတယ်။ ဒါကြောင့် မြေမသေ တုတ်မ ကျိုးရအောင် မမ စီစဉ်နေတာပါ"

"မျက်ချယ် အဲဒီ လူကို မကြည့်ချင်ဘူး"

ပွင့်မျက်ချယ်က နှုတ်ခမ်းလေးကို ဖိကိုက်ထားပြီး ပြောလိုက်သည်။

မမြင်တွေ့ခင်ကတည်းက ကောင်းထက်မိုးကို အမုန်းပွားနေမိသည်။

"မမ အနူးအညွတ် တောင်းပန်နေပါတယ် မျက်ချယ်ရယ်၊ နောက်ဆုံးကူညီတဲ့ အနေနဲ့ မမကို ကူညီပေးပါကွယ်"

"ဟင်း"

ပွင့်မျက်ချယ် သက်ပြင်းချလိုက်သည်။ သူမ၏ စိတ်ထဲတွင် လွန်စွာမှ နောက်ကျိနေသည်။

"နော် ... ညီမလေး"

ဝင့်သက်လယ်က သူမ၏ လက်ကလေးကို ဆွဲကိုင်ပြီး ကလေးတစ်ယောက်လို ပူဆာနေ သည်။

"ကဲပါလေ မျက်ချယ် သွားကြိုးစားကြည့်မယ်"

"ကျေးဇူးတင်လိုက်တာ ညီမလေးရယ်"

ဝင့်သက်လယ်၏ အသံက ဝမ်းသာလွန်း၍ တုန်ခါနေသည်။ ပွင့်မျက်ချယ်ကို တအားပင် ဖက်လိုက်သည်။

"ဘယ်ကို သွားရမှာလဲ၊ ပြောလေ"

“ချင်းတွင်းလမ်းမှာ ကိုကောင်းထက်မိုးက နေတာ”

“မျက်ချယ်ကို လိပ်စာပေး သွားတော့မယ်”

“ဘယ်တော့ သွားတွေ့မှာလဲ မျက်ချယ်”

“အခု မနက်ပဲ သွားတွေ့လိုက်မယ်”

“ညီမလေးရယ်၊ သူနဲ့ ပြေလည်အောင် ဆွေးနွေးခဲ့ပါနော်”

“ နောက် လေးငါးလလောက်နေရင် အိမ်ကို ဆက်ဆက်ပြန်ရွေးပါ့မယ်လို့ ကတိပေးလိုက် ပါကွယ်”

ဝင့်သက်လယ်၏ မျက်နှာသည် တစ်ရက်အတွင်းတော်တော်အိုစာသွားသည်။ သူ တော်တော် စိတ်ဆင်းရဲနေတာကိုးဟု ပွင့်မျက်ချယ် သိလိုက်ပါသည်။

တစ်အူတုံ့ဆင်း ညီမရင်းမို့ ပွင့်မျက်ချယ် အစ်မဖြစ်သူကို တာရှည် စိတ်မဆိုးရက်တော့ပါ။

ဝင့်သက်လယ်တွင် အရည်အချင်း မရှိ။ စိတ်ဓာတ်ပျော့ညံ့လွန်းသည့် အားနည်းချက်က သူ့ကို လွှမ်းမိုးနေတာ ပွင့်မျက်ချယ် ကောင်းကောင်းကြီး သိပါသည်။

*

# အခန်း (၂)

သည်နေ့ကျောင်းမသွားတော့ပါ။ သူငယ်ချင်းတစ်ယောက်ဆီကို ဖုန်းဆက်ပြီး ပွင့်မျက်ချယ် က ခွင့်တင်ခိုင်းသည်။ ကောင်းထက်မိုးဆီ သွားရန် အိမ်မှ ထွက်ခဲ့သည်။

ဘလောက် ပြာပြာပွပွလေးဘီဘဲ(လ) လုံချည် နက်ပြာရောင်လေးနှင့် ပွင့်မျက်ချယ်၏ ဟန်က ကြွရွနေသည်။ ကျောင်းချိန် ပြင်စမို့ ခါးလယ်လောက်ရှိ ဆံပင် ဖားလျားပင် ချထားသည်။

နားသယ်စပ် တစ်ဘက် တစ်မျက်နှာ ကောက်ကလစ်ဖြူလေးနှစ်ခုကို တပ်ဆင်ထားသည်။ မျက်နှာ ညိုးဝင်းဝင်းလေးမှာ အခြယ်အသတွေကင်းနေပါပြီး။

စိတ်ညစ်လွန်း၍ အလှလည်း အပြင်ဘဲ မျက်နှာပြောင် နှင့်ထွက်ခဲ့သည်။ မျက်နှာ ဖူးဖူး ဝင်းဝင်း လေးတွင် မည်းနက်ရွှန်းဆက်နေသော မျက်ဝန်းလေးက တောက်ပနေသည်။

ရှည်လျားသော မျက်တောင်ကော့ကြီးတွေက မျက်လုံး၏ အလှကို ပို၍ ပီပြင်စေပါသည်။ နှာတံ စင်းစင်းကော့ကော့အေးက စိတ်ဓာတ် ကြံ့ခိုင်မှုကို ဖော်ပြနေသလိုပါ။

သည်အလှတွေ အားလုံးက ပွင့်မျက်ချယ်၏ မျက်နှာတွင် စုးပေါင်း ဖွဲ့စည်းထားပါသည်။

ညိုစိမ့်စိမ့်လေနှင့် တစိမ့်စိမ့် ကြည့်လေ လှလေပါ။ သို့သော် သူမ၏ မျက်နှာလေး နေထိပန်း လို ညှိုးနွမ်းနေသည်။

ကောင်းထက်မိုးကို ရင်ထဲတွင် မဆံအောင် မုန်းနေပါသည်။ သို့ပါသော်လည်း အားမတန်၍ မာန်ကို လျှော့၊ မုန်းသည့် စိတ်ကို ဘေးချိတ်ပြီး လာခဲ့ပါပြီ။

ချင်းတွင်းလမ်းသို့ရောက်လာပါပြီ။ ဆိုက်ကားမရှိသည့်လမ်းမို့ခြေကျင်ပဲ လမ်းရှည်ကြီးကို လျှောက်ဝင်ခဲ့ပါသည်။

ဝင့်သက်လယ် ပေးလိုက်သော အိမ်နံပါတ်ကို ရှာအည်းတော်တော်ကြီးလျှောက်ပြီးမှ တွေ့ ပါပြီ။ ကျယ်ဝန်းသော ခြံကြီး၊ ခြံဂနှင့် တော်တော် လှမ်းလှမ်းမှာဆောက်ထားသည်။

ခြံတံခါးတွင် ဂိတ်စောင့်၏ အိမ်လေးကို တွေ့ရသည်။ အထဲသို့ လှမ်းကြည့်ပြီး ပွင့်မျက်ချယ် ခေါ်လိုက်သည်။

``ဦးလေးကြီး''

ငိုက်မျဉ်းနေသော ခြံစောင့်ကြီး ဝေါက်ခနဲ ခေါင်းထောင်လာသည်။ ကားသံကိုသာ နားစွင့် နေသော အဘိုးကြီးလူခေါ်သံကြောင့် အထူးအဆန်း ဖြစ်နေ၍ လှမ်းကြည့်သည်။

``ဘာလဲ ကလေးမ''

``ကျွန်မ ဒီအိမ်က ဦးကောင်းထက်မိုးနဲ့ တွေ့ချင်လို့ပါ .... ''

``အေး .... အေး တံခါး ဖွင့်ပေးမယ်''

သံတံခါးကြီး တစ်ချပ်ကို ဖွင့်ပေးသည်။ ပွင့်မျက်ချယ်ခပ်တည်တည်နှင့်ပင် ဝင်းတံခါးမှ ဝင်ခဲ့ သည်။

ကြီးမားသော နှစ်ထပ်တိုက်ကြီး၏ ဆင်ဝင်းအောက်သို့ ရောက်လာသည်။ နံရံမှ ဘဲ(လ်)ကို တီးသည်။

မကြာမီ အိမ်ဖော် အမျိုးသမီးကြီးတစ်ဦး တံခါးသို့ ရောက်လာသည်။

``ကျွန်မ ဦးကောင်းထက်မိုးနဲ့ တွေ့ချင်လို့ပါ''

``သြော် ....ရှိပါတယ်၊ ဘယ်သူလို့ ပြောလိုက်ရမလဲ''

``ဝင့်သက်လယ်ရဲ့ ညီမ ရောက်နေပါတယ်လို့ ပြောပေးပါ''

``အထဲ ဝင်ထိုင်ပါဦး''

သံပန်း တံခါးကို အမျိုးသမီး ဂုဂုကြီးက ဖွင့်ပေးသည်။ ပွင့်မျက်ချယ် အိမ်ထဲသို့ ဝင်သည်။ ဧည့်ခန်းထဲမှာ သူ့ကို နေရာ ချပေးခဲ့သဖြင့် ဆိုဖာ နီနီရဲရဲလေးပေါ် ထိုင်လိုက်သည်။

ဧည့်ခန်းမ၏ ပြင်ဆင်မှု၊ သားနားမှုက ကောင်းထက်မိုး၏ ချမ်းသာသည့် အဆင့်အတန်းကို ဖော်ပြနေသည်။

ဧည့်ခန်း ကြမ်းပြင်တစ်ခုလုံး အမွေးပွ ကောဇောနီကြီးနှင့် ခင်းထားသည်။ နင်းရက်စရာပင် မရှိ။

အနီ တော်တော်ကြိုက်တတ်တဲ့ ကောင်းထက်မိုးပဲ။ ဆိုဖာသည်။ အနီ၊ ကော်ဇောလည်း အနီနှင့် အနီရောင်တွေ လွှမ်းနေသည်။ လေအေးစက် တပ်ထား၍ ဧည့်ခန်းသည် အေးပြီး သင်းပျံ့ သောရနံ့ ရနေသည်။

အခန်းထောင့်တွေတွင် ကြေးပန်းအိုး၊ ငွေပန်းအိုးတို့ဖြင့် ပန်းတို့က ဝေဆာနေသည်။ မှန်ပြူ တင်းပေါက်ကြီးများကို ဇာအခန်းဆီး နီနီကြီးများနှင့် ကြမ်းခင်းအထိကာထားသည်။

ဧည့်ခန်းကို ဝေ့ဝဲပြီး ပွင့်မျက်ချယ် ကြည့်လိုက်သည်။

``ဆရာလေးက ... အပေါ်ကို ကြွပါတဲ့''

သူ့နောက်ပါးမှ ထွက်လာသော အသံကြောင့်ငေးနေသော ပွင့်မျက်ချယ် အနည်းငယ် လန့် သွားသည်။

ကောင်းထက်မိုးတို့လည်း ကြီးကျယ်ရန်ကောဟု ရန်လိုစွာ တွေးမိသည်။

အတွေးနှင့်အတူ နှုတ်ခမ်းလေးပါ မဲ့သွားသည်။

စောစောက အိမ်ဖော် အဒေါ်ကြီးနောက်က ထလိုက်ခဲ့သည်။

ကြေးလက်ရန်းများပြောင်လက်နေသော လှေကားမှ အပေါ်သို့ ရောက်လာသည်။

ပြီးတော့ အခန်းကြီး တစ်ခု၏ အဝသို့ ရောက်တော့ အိမ်ဖော်ကြီးက ပွင့်မျက်ချယ်ကို လှည့်ကြည့်သည်။

``အထဲမှာ သူ စောင့်နေတယ်''

ပွင့်မျက်ချယ်၏ နောက်ပါးမှ သူအခန်းထဲသို့ ဝင်လိုက်ခဲ့သည်။

``ဒေါ်တင် ... ကျွန်တော် အရေးကြီးတဲ့ စကားပြောစရာရှိတယ်။ မခေါ်ဘဲနဲ့ ဘယ်သူမှ အပေါ်ကို တက်မလာပါစေနဲ့''

``ဟုတ်ကဲ့ ... ဆရာလေး''

အသံရှင်ကို ဆက်ခနဲ ပွင့်မျက်ချယ် လှမ်းကြည့်လိုက်သည်။ အရပ်ရှည်ရှည် ထေင်ထောင် မောင်းမောင်းနှင့် ကောင်းထက်မိုးက ပွင့်မျက်ချယ် မျှော်မှန်းထားသည့် ပုံစံမဟုတ်။

ပွင့်မျက်ချယ် မျှော်မှန်းထားသည်က အသားမည်းမည်း၊ ဗိုက်ရွှဲရွှဲ နဖူးပြောင်ပြောင်၊ မဲမဲသဲ သဲ အဆီ တရွှဲရွှဲနှင့် ဘူဇဝါပုံပါ။

အမြင်ကတ်ကတ်နှင့် ကောင်းထက်မိုးကို မတွေ့ခင်ကတည်းက ဘီးလူး၊ သဘက်ရုပ်လို တမင်မြင်ထားပြီးသား။

ယခု ကောင်းထက်မိုးက သူထင်ထားသလို ဗိုက်ပူကြီး မဟုတ်။ ချပ်လိုက်မှ ရှပ်လို့။

နဖူးပြောင်ဖို့ နေနေသာသာ လှိုင်းတွန့်ကေသာ နက်နက်က နဖူးပေါ်မှာ ခွေးခေါင်ကျနေ သည်။ အသားခပ်လတ်လတ်၊ ပိပြားထူထဲသော နှုတ်ခမ်းက ယောကျ်ားပီသမှုကို လှန်ပြနေသ ယောင်။

ရူပါက ကာလသမီးတို့ ကြိုက်ချင်စရာ။ သူ့ကို မုန်းနေသည့် အမုန်းထုကြီးတောင် လျော့ချင် သလိုလို ပွင့်မျက်ချယ် ခံစားလိုက်ရသည်။

``ဟော့... မျက်ချယ်၊ သတိ... ယောင်လို့များတောင် သူ့ကို မညွတ်နဲ့၊ မုန်းတဲ့စိတ်တွေ တစ်ရွေးသားမှ မလျှော့စေနဲ့နော်''

မိမိကိုယ်ကို သတိ ချပ်စေလိုက်ပြီး ပျော့ချင်သည့်စိတ်ကို သံမတ်တွေ အထပ်ထပ် တင်းလိုက်သည်။ မျက်နှာကြောကိုလည်း တင်နေအောင် ပြင်လိုက်သည်။

``ခဏနော် .... ကိုယ်စားစရာ တစ်ခုခု မှာလိုက်ဦးမယ်....'

``အို ... နေပါစေ၊ ကျွန်မ ခုပဲ ပြန်မှာပါ''

``မဟုတ်တာဗျာ .... ခဏလေးပါ''

ကောင်းထက်မိုးက လက်ကာပြပြီး အခန်းပြင်သို့ သွက်သွက်ထွက်သွားသည်။ အောက်ထပ် သို့ ဆင်းသွားပြီး ဖြစ်သော ဒေါ်တင်နောက်သို့ လိုက်သွားသည်။

ပွင့်မျက်ချယ် ယခုမှ သူမ ထိုင်နေမိသော အခန်းကို မျက်လုံးလေး ဝေ့ကာ ကြည့်လိုက် သည်။

သည်အခန်းသည်လည်း ဧည့်ခန်းပါပါင်။ အောက်ထပ်က ဧည့်ခန်းလိုပင် သားနားလှ ပါသည်။

ထူးခြားလှသည်က သည်အခန်းမှာ အားလုံးက အပြာရောင်တွေ လွှမ်းမိုးနေသည်။ ဆိုဖာအခန်းဆီ အားလုံးက မိုးပြာရောင်၊ မွေးပွေးကော်ဇောက ဖြူဖွေးပြီး ခြေထောက်အောက်မှာ နူးညံ့နေသည်။

နှစ်ယောက်တွင် ဆိုဖာအပေါ်မှာ ထိုင်မိရက်သား ဖြစ်၍ နေရာပြောင်းပြီး မထိုင်တော့။ သူမ စိတ်ထဲတွင် လွန်စွာမှ လှုပ်ရှားနေသည်၊ ဧည့်ခန်းထဲတွင်

ဆီဆေး ပန်းချီကားချပ် လေးငါးခု ချိတ် ဆွဲထားသည်။

တစ်ခုသော ပန်းချီကားချပ်ကို ပွင့်မျက်ချယ် ငေးမောကာ ကြည့်နေသည်။ ဆီဆေးပန်းချီ အားကြီးမှာ အသက်ဝင်လှသည်။

ရေပြင်မှ နဂါးကြီးတစ်ကောင်က ခေါင်းကြီးပြူးထွက်နေသည်။ သူ၏ ခံတွင်းမှ မီးများတဝင်း ဝင်းထွက်နေသည်။

ထိုမီးက ပျံနေသော ဂဠုန်ကို ဟပ်နေသည်။ ပန်းချီက အသက်ဝင်လွန်းလှသည်။ စေ့စေ့ ကြည့်ပြီး ပွင့်မျက်ချယ် ရင်ထဲတွင် တစ်မျိုးဖြစ်လာသည်။ မွေးညှင်းနုလေးတွေ အစထောင်လာ သည်။

ပန်းချီကားကို မော့ညပီး ပါးစပ်လေး မပွင့်တပွင့်နှင့် ပွင့်မျက်ချယ် ကြည့်နေသည်။

အခန်းထဲသို့ ဝင်လာရင်း ကောင်းထက်မိုးက တိတ်တဆိတ် သူမ ဘေးတိုက် အလှကို ငေး နေသည်။

မျက်နှာ လှလှလေးကိုကော ကောက်ကြောင်းလေးပီပြင်နေသည့် ကိုယ်ခန္ဓာ လှလှလေး ကိုကော စေ့ငုစွာ ကြည့်နေသည်။

တစ်ဦးတစ်ယောက်၏ အကြည့်ခံနေရသည်ကို ခံစားမိသော ပွင့်မျက်ချယ် အခန်းဝသို့ လှမ်း ကြည့်သည်။

စူးစိုက်စွာကြည့်နေသော မျက်ဝန်းနက်နက်နှင့် ဆုံစည်းမိသည်။ ရင်ထဲတွင် အထိန်းအကွပ် မဲ့စွာ လှုပ်ရှားသွားသည်။

``ဆောရီးနော်၊ ဧည့်သည်ကို တစ်ယောက်တည်းထားခဲ့တာ စိတ်မဆိုးပါနဲ့

ကြည့်လိုက်သည်။ သည်လူကို တစ်နေရာရာမှာ မြင်တွေ့ဖူးသလို ရင်ထဲမှာ ခံစားမိသည်။

``ကျွန်မ မမဝင့်ကိစ္စအတွက် လာတာပါ''

``သြော် ... ဝင့်သက်လယ် လွှတ်လိုက်လို့ကိုး''

``ဟုတ်ပါတယ်''

ထိုစဉ် ဒေါ်တင့်က စားစရာတွေ ပြည့်နေသော လင်ပန်းတစ်ချပ်နှင့် အခန်းထဲသို့ ရောက် လာသည်။ စားပွဲပေါ်တွင် ချထားခဲ့ပြီး အခန်းထဲက ပြန်ထွက်သွားသည်။ ခေတ္တ စကားသံတွေ ပြတ် သွားသည်။

*

ဒေါ်တင် ထွက်သွားပြီးမှ ပွင့်မျက်ချယ်က သူမ၏ စကားကို ပြန်၍ ဆက်သည်။

``မမဝင့်က ကျွန်မကို ဦးကောင်းထက်မိုးနဲ့ တွေ့ဖို့ တိုက်တွန်းလို့ လာခဲ့တာပါ''

မချိုမချဉ်မျက်နှာပေးနှင့် ကောင်းထက်မိုးက မျက်ချယ်ကို ကြည့်သည်။ အကြည့် ရဲလွန်း၍ မျက်ချယ် ရင်ထဲမှာဒေါသလေးတွေ ဆူဝေနေသည်။

``ဝင့်သက်လယ်မှာ ဒီလောက်ချောတဲ့ ညီမရှိမှန်း အခုမှပဲ သိတော့တယ်ဗျာ''

``နှာဗူး''ဟု ရင်ထဲက ပွင့်မျက်ချယ် ချဉ်ချဉ်နှင့် ဘွဲ့တပ်ပေးလိုက်သည်။

``ဝင့်သက်လယ်က ဘာကိစ္စနဲ့လွှတ်လိုက်တာလဲ''

``ဘာကိစ္စရှိရဦးမှာလဲ၊ ပေါင်ထားတဲ့ အိမ်ကိစ္စပေါ့''

မသိချင်ယောင်ဆောင်ပြီး လေကြော ရှည်နေတာကို အမြင်ကတ်၍ ပွင့်မျက်ချယ် ဘုတော လိုက်သည်။

``သြော် .... ဟုတ်လား၊ သူ ဘာများ မှာလိုက်လဲ''

စီးကရက်တစ်လိပ်ကို နှုတ်ခမ်းမှာခဲ ဓာတ်ငွေ့မီးချစ်ကို ဖျောက်ခနဲချစ်ပြီး မီးညှိသည်။ တစ်ချက် ရှိုက်ဖွာပြီး မျက်ကြောခင်းထားပြီး ပွင့်မျက်ချယ်ကို ကြည့်သည်။

ခေါ်တောတစ်ကောင်အား မျက်လုံးတွေနဲ့ ကြည့်နေ၍ ပွင့်မျက်ချယ်အနေကျုံ့လှသည်။ စိတ်ထဲက ဝင့်သက်လယ်ကိုသာ ကျိန်ဆဲနေမိသည်။

သည်လောက်အောင် မျက်နှာရှုံးသူနှင့် ဘာကြောင့် ဆက်သွယ်ခဲ့ပါလိမ့် ... ဟု။

``မမဝင့်က မှာလိုက်ပါတယ်၊ လေး ငါး လလောက်စောင့်ပေးပါတဲ့၊ အိမ်ကို ပြန်ရွေးမှာ ပါတဲ့''

ပွင့်မျက်ချယ်က ဆောင့်ဆောင့်အောင့်အောင့်လေသံနှင့်ပြောသည်။

``ကဲ ... ကော်ဖီလေး သောက်ပါဦး''

``အိမ်က သောက်ခဲ့ပြီးပြီ''

``ဒါနဲ့ .... မင်းနာမည် ဘယ်လိုခေါ်လဲ''

``ပွင့်မျက်ချယ်''

မျက်စောင်းတစ်ချက် ဂဲခနဲနှင့် ဖြေသည်။

``နာမည်နဲ့ လိုက်ပါတယ်၊ ချောလိုက်တာ မှုန်နေတာပဲ''

ပွင့်မျက်ချယ် ဒေါပွပွနှင့် အံတစ်ချက်ကြိတ်လိုက်သည်။

မျက်နှာက အရှက်မရှိ ပြောင်ကို ပြောင်လွန်းတယ်။

``တကယ်လို့ ကိုယ်က ဝင့်သက်လယ် စောင့်ခိုင်းသလို မစောင့်နိုင်ဘူး ဆိုရင်ကော''

``ရှင်းပါတယ်၊ ကျွန်မတို့ အိမ်က ဆင်းပေးလိုက်ရုံပေ့ါ''

ပွင့်မျက်ချယ်က လေသံပြတ် ပြန်၍ ပြောသည်။

``ဟဲ ... ဟဲ ... ကိုယ် အဲဒီ လောက် မရိုင်းပါဘူးကွာ။ သက်သက် မျက်ချယ်ကို စတာပါ''

ဘုရားရေ၊ မျက်ချယ် .. တဲ့။ ငါ့ကို တရင်းတနှီး ခေါ်နေပါရောလား။ မျက်ချယ်ဆိုတာ ရင်းနှီး တဲ့ လူတွေမှ မျက်ချယ်လို့ ခေါ်တာ။

မကျေမနပ်နှင့် ပွင့်မျက်ချယ် ရင်ထဲက စွာနေသည်။ သူက တစ်ဘက် ထိုင်ခုံမှ ပွင့်မျက်ချယ် ဘေးသို့ ပြောင်းထိုက်လိုက်သည်။ ပွင့်မျက်ချယ်၏ မျက်ဝန်းလေး ဝိုင်းသွားသည်။

ကော်ဖီ ပန်းကန်ကို ကောက်ယူပြီး ...

``သောက်လိုက်ပါဦး မျက်ချယ်ရယ်''

အတင်း လက်ထဲသို့ ပေးနေသည်။ သောက်ချင်စိတ်မရှိပါ၊ သို့သော် မသောက်မချင်း တိုက် နေမှာမို့ ပွင့်မျက်ချယ် လှမ်းယူလိုက်သည်။

``မျက်ချယ် အိမ်ကိစ္စ သိပ် စိတ်ဆင်းရဲနေသလား''

မေးမှ မေးတတ်တယ်၊ အင်းလျား လမ်းပေါ်မှာရှိနေတဲ့ တိုက်ကြီးနဲ့ ခြံကြီးကို ဆုံးရှုံးရမှာ စိတ် မဆင်းရဲဘဲရှိပ့ါမလားလို့ ရင်ထဲက ပြောသည်။

``ကျွန်မတို့ရဲ့ မိဘ လက်ငုပ်လက်ရင်း ဆိုတော့ ဆုံးရှုံးရမှာ နှမြောတာ သဘာဝပါ''

``မှန်တာပေါ့၊ မိဘရဲ့ အမွေအနှစ် ဆိုတာ ထိန်းသိမ်းထားသင့်တာပေါ့''

မျက်လွှာ ချထားရာမှ ဖျက်ခနဲ သူ့ကို တစ်ချက်ကြည့်လိုက်သည်။ သူတကယ် လေးလေး နက်နက် ပြောနေတာကို တွေ့ရသည်။

``မျက်ချယ် အိမ်ပေါ်က မဆင်းချင်ဘူး မဟုတ်လား''

``အိုး .... ဘယ် ဆင်းချင်ပါ့မလဲ''

``အိမ်စာချုပ်တွေကိုမရွေးရဘဲ ကိုယ်ပြန်ပေးလိုက်မယ်ဆိုရင် မျက်ချယ်ဂမ်းသာမှာလား''

``ရှင် ... ''

ပွင့်မျက်ချယ်က အံ့ဩလွန်းစွာ သူ့ကို ကြည့်နေသည်။ သူက မျက်ချယ်ကို အရည်လဲ့သော မျက်ဝန်းတွေနှင့် ကြည့်နေသည်။

မျက်ချယ်၏ ရင်ထဲတွင် လှိုင်းကလေး တစ်ခုဖြတ်ပြေးသွားသည်။ ကပျာကသီ မျက်လွှာ ချလိုက်သည်။

``ကိုယ် မေးတော ဖြေလေ၊ မျက်ချယ် ဂမ်းသာမှာလား''

``ဖြစ်နိုင်တဲ့ စကားကိုပဲ ပြောပါ ဦးကောင်းထက်မိုး''

``အဟဲ .... မျက်ချယ်က ကိုယ် နောက်နေတယ်လို့ ထင်လို့လား''

သူ၏ အကြည့်က ပွင့်မျက်ချယ်၏ မျက်နှာမှ မခွာ။ ရွှမ်းရွှမ်းစားစားကြီး ကြည့်နေသည်။

``မျက်ချယ်ကို ကိုယ်လက်ထပ်ပါရစေ''

``အိုး ... ''

ဘယ်လိုမှ မမျှော်လင့်သော စကားကို ကြားလိုက်ရသည်။ မျက်ချယ် နက်နက်လေး ဒေါသ ကြောင့် ပြောင်လက်နေသည်။

``ရှင့်ကို အိမ်ကို လာတဲ့ မိန်းကလေးတိုင်းကို ဒီလိုပဲစော်ကားနေကျလား ....

``ရှင့်ပိုင်နက်ထဲ ရောက်လို့ သက်သက် နိုင်လို မင်းထက် စော်ကားလိုက်တာလား ဟင်''

သူ့ကို မျက်နှာချင်းဆိုင် ရပ်လိုက်ပြီး လက်သီးလေးကျစ်ကျစ်ဆုပ်ကာ ရန်တွေ့သည်။ ကောင်းထက်မိုးက ဘာမှမဖြစ်သလို သူ့ကို ခပ်ပြုံးပြုံး ကြည့်နေသည်။

``မျက်ချယ် အတင်မှားနေပြီကွယ်''

``ဘာ အထင်မှားရမှာလဲ''

``ကိုယ် မျက်ချယ်ကို တကယ် လက်ထပ်ချင်တာပါ''

``ဘာ''

ပွင့်မျက်ချယ်ထံမှ ဒေါသသံကြီး ဟိန်းထွက်လာသည်။

``အခုမှ မြင်ဖူးတဲ့ မိန်းကလေးတစ်ယောက်ကို မြင်မြင်ချင်း လက်ထပ်ချင် ဘာသာဘော လဲ''

``မျက်ချယ်ကို လိုချင်တဲ့ သဘောပဲ''

``သြော် ... သနားစရာ ကောင်းလိုက်တာ၊ ဦးကောင်းထက်မိုးမှာ ယူစရာမိန်းမတော်တော် ရှားနေတာကိုး ...

``ရှင့်ကို အစက ဝိသမ လောဘသားမို့ မုန်းခဲ့တယ်၊ အခုလိုကြားရတော့ မုန်းရုံအပြင် တဏှာရူးမို့ ရွံ့မိတယ် သိလား''

သည်လောက်နာအောင်ပြောတာတောင် သူ့မျက်နှာမှာအပြုံးတွေပျောက်မသွား။ ပွင့်မျက် ချယ်ကို စူးစူးကြီးကြည့်နေတုန်းပါ။

``ထိုင်ပါဦး မျက်ချယ်၊ ဒေါသ သိပ်မကြီးပါနဲ့''

ပွင့်မျက်ချယ်၏ လက်ကို ဆွဲပြီး ဆိုဖာပေါ်သို့ အတင်းထိုင်ခိုင်းသည်။

``အို .... လွှတ်''

ပွင့်မျက်ချယ်က သူမ၏ လက်ကလေးကို ဆောင့်ရုန်းလိုက်သည်။ သူက မြဲမြဲစွာ ကိုင်ထား သည်။ ရုန်းသော်လည်း အချည်းနှီးပါ။

သူ၏ ဆွဲအားကြောင့် ဆိုဖာပေါ် ထိုင်ရက်သားကျသွားသည်။

``ဒီမှာ ... မျက်ချယ်၊ ကိုယ်ကလေ ကိုယ်ရချင်တာဆိုရင် မရမက ယူတက်တဲ့အကျင့် ရှိတယ်''

မျက်ချယ် အံကြိတ်ပြီး သူ့ကို မီးဝင်းဝင်းတောက်သည့် အကြည့်မျိုးနှင့် ကြည့်သည်။ မျက်ချယ်သာ နဂါးမလေးဆို သူ အခုလောက်နေ ပြာဘဝသို့ ပြောင်းသွားပြီ။

``သက်မဲ့ ပစ္စည်းသာ ရှင်လိုချင်တိုင်း ရယူနိုင်မှာ၊ သက်ရှိ လူသားကို ရှင် လိုချင်တိုင်း ယူလို့ရမလား''

``ကိုယ့်အတွက် ဘာမဆို ရနိုင်တယ်''

``အို ... ရှင် လူပါး ဝလှချည်လား၊ ဖယ် ...'

ပွင့်မျက်ချယ်က သူ့ကို ပစ်တွန်းပြီး ဆိုဖာပေါ်မှ ထရန် ကြိုးစားသည်။

``ဒီမှာ ... မျက်ချယ်၊ အချစ်မှာ အားလုံးတရားတယ်သိလား''

``သွား .... အရှုးစကားတွေ လာမပြောနဲ့၊ မဝင့်ကတောင်းပန်လွန်းလို့ ရှင့်ဆီလာခဲ့တာ ...

``ကျွန်မစိတ်နဲ့ ကျွန်မ ကိုယ်ဆို အိမ်ကြီး ဆုံးလို့မက ခွက်ဆွဲ တောင်းစားရတောင် မလာ သေးဘူး မှတ်ပါ''

ပွင့်မျက်ချယ်၏ အသံက ဒေါသကြောင့် တုန်ခါနေသည်။

``ကျွန်မ လက်ကို လွှတ်၊ ဘယ်နေ့ အိမ်က ဆင်းစေချင်လဲပြော၊ ဆင်းပေးဖို့ အသင့်ပဲ''

``အဟွန်း .... မင်းကို ပြန်မလွှတ်နိုင်ဘူး မျက်ချယ်''

``ဘာ ... ဘာပြောတယ်''

``ကိုယ့်ပိုင်နက်ထဲမှာ ရောက်နေတဲ့ မင်းကိုလဲ ကိုယ့်အပိုင်ပစ္စည်း တစ်ခုလို သတ်မှတ် လိုက်ပြီ''

``ဟင် .... ရှင် ..... ရှင် ..... လူပါးဝလှချည်လား''

ပွင့်မျက်ချယ်၏ လွှတ်နေသော ညာလက်ကလေးမြှောက်သွားသည်။

``ဖြန်း....''

အရှိန်ပြင်းစွာ ကောင်းထက်မိုး၏ ပါးပြင်ပေါ်သို့ ကျသွားသည်။ ကောင်းထက်မိုး မျက်ဝန်းထဲ မီးပွင့်သွားသည်။

အခုလို ပါးရိုက်ခံရတဲ့အတွက် ပိုပြီး ကိုယ့်ဆုံးဖြတ်ချက်က ခိုင်မြဲသွားပြီ မျက်ချယ်''

မျက်ချယ်၏ ကိုယ်ကလေးကို အတင်း ပွေ့ဖက်သည်။

``လွှတ် ... လူယုတ်မာကြီး ... လွှတ်နော်''

ပွင့်မျက်ချယ် ရှိသမျှ ခွန်အားကို အသုံးပြုပြီး ရုန်းသည်။ ကောင်းထက်မိုးကို မုန်းသော အမုန်းတွေက ဘာနှင့်မှ တုန္ဘိုင်းမရပါ။

``ရုန်းမနေနဲ့ မျက်ချယ်၊ မင်းကို အနုနည်းနဲ့ မရရင် အကြမ်းဖက်ရမှာပဲ ´´

``လွှတ်''

ပွင့်မျက်ချယ် ရှန်းလည်းရှန်း၊ ငိုလည်းငိုနှင့် တဖြည်းဖြည်း မောပန်းလာသည်။

``ပင်ပန်းပါတယ်ကွာ .... ရှန်းမနေပါနဲ့တော့၊ ပြီးတော့ မင်း ဘာဖြစ်တယ်ဆိုတာ ဒေါ်တင် တို့ သိမှာ မရှက်ဘူးလား .... ''

တစ်ခါမှ ရှည်းစားပင် မထားဖူးသော မျက်ချယ်ယခုလို ကြမ်းကြမ်းရမ်းရမ်း အဖြစ်ကြီးနှင့် တွေ့မိတော့ ရှက်တာရော ကြောက်တာရော စုပြုံ ခံစားနေရသည်။

နောက်ဆုံး မျက်ချယ်၏ အဖြစ်က ဆံမြိတ်သည် ပြေးပန်းလည်း ကြွေခဲ့ရသည်။ ပွင့်မျက် ချယ် မငိုမိအောင်အံကို တင်းတင်း ကြိတ်လိုက်သည်။

``မိန်းကလေး တစ်ယောက်ကို ပိုင်နက်ထဲမှာ ခေါ်ကျူးသွင်းပြီးမှ စော်ကားရဲတဲ့ ရှင့်သတ္တိကို ချီးကျူးလိုက်ပါရဲ့''

အောက်နှုတ်ခမ်း တွဲတွဲလေးကို ဖိကိုက်ပြီး ဒေါသမျက်ဝန်းတွေနှင့် ပြောသည်။

အားမတန်၍ မာန်လျှော့လိုက်ရပေမယ့် ကောင်းထက်မိုးကို အမုန်းကြိတ်ပစ်ချင်လောက် အောင် စိတ်ထဲမှာ မခံမရပ်နိုင်အောင် ဖြစ်နေသည်။

ကောင်းထက်မိုး မျက်နှာလည်း စောစောကလို လှောင်သလို မျက်နှာထား မဟုတ်တော့။ ပွင့်မျက်ချယ်ကို မျက်နှာငယ်လေးနှင့် ကြည့်နေသည်။

အသွားမတော် တစ်လှမ်းဆိုတာ မှန်လိုက်တာ။ ယခု မျက်ချယ် ခြေတစ်လှမ်းမှားရုံနှင့် သူမ ၏ အဖိုးတန်လှသော အပျိုဘဝလေး ပျက်သုဉ်းခဲ့ရသည်။

``မျက်ချယ် ... မင်းကို လက်ထပ်ပါရစေ''

``ဟွန်း .... ''

မျက်ချယ်က လှပသော နှုတ်းခမ်းလေးကို မဲ့လိုက်သည်။

``ဦးကောင်းထက်မိုး .... ပေါက်တဲ့နဖူး မထူးတော့ဘူးဆိုတဲ့ မိန်းမစားထဲမှာ ကျွန်မ မပါ ဘူး၊ သိလား ...''

``ရှင်နဲ့ ဘာကြီးဖြစ်ခဲ့ဖြစ်ခဲ့ ဘယ်တော့မှ ရှင့်ကို မယူဘူးဆိုတာ မြဲမြဲမှတ်ထားလိုက်ပါ''

ကောင်းထက်မိုး၏ ခေါင်း ငိုက်စိုက် ကျသွားသည်။ နားကြည်းမှု ၊ မုန်းတီးမှု၊ စက်ဆုပ်မှုတွေ ပြည့်လျှမ်း နေသော ပွင့်မျက်ချယ်၏ မျက်ဝန်းကို ရင်မဆိုင်ရဲတော့ပါ။

ထိုင်နေရာမှ ထပြီး ကောင်းထက်မိုး အခန်းတစ်ခုထဲသို့ ဝင်သွားသည်။ ချက်ချင်းလိုပင် ပြန် ထွက်လာသည်။

``ဒီမှာ မျက်ချယ်၊ အိမ်စာချုပ်တွေ ပြန်ယူသွားနော်''

ပွင့်မျက်ချယ်၏ လက်သို့ စာချုပ်တွေကို လှမ်းပေးပြီး ရှင်ဝယ်လိုက်တယ်ပေါ့၊ ဟုတ်လား''

ပွင့်မျက်ချယ်က ခါးထောက်ပြီး အငေါ် တူးတူးနှင့် မေးသည်။

``မဟုတ်ပါဘူး မျက်ချယ်ရယ်၊ မျက်ချယ် လိုက်သာကတည်းက ပြန်ပေးဖို့ ဆုံးဖြတ်ပြီးသား ပါ၊ ရော့ ..... ယူလေ''

``ကဲ ... ဟယ်''

လှမ်းပေးနေသော စာရွက် အထပ်လိုက်ကို ပွင့်မျက်ချယ် ပစ်လွှဲရိုက်ချလိုက်သည်။ စာရွက် လေးများ မရှုမလှ ကြမ်းပြင်ပေါ်မှာ ပြန့်ကျဲသွားသည်။

``မျက်ချယ် စိတ်ဆိုးထိုက်ပါတယ်ကွာ။ ကိုယ့်ကိုတောင် သတ်ပစ် သင့်တယ်''

``မှန်လိုက်လေရှင်၊ တရား ဥပဒေသာမရှိရင် ရှင့်ကို သတ်မိမှာပဲ''

``ဒါဆို ကိုယ့်ကို ရဲလက် အပ်လိုက်ပါကွာ''

ကောင်းထက်မိုးက တကယ် စိတ်ထိခိုက်သွားပြီး ပြောလိုက်ခြင်းပါ။

``ဘာလဲ၊ တစ်ရက်က နှစ်ရက် ဖြစ်အောင်လို့လား၊ ဝေးသေးတယ်...

``မျက်ချယ်တို့က အရှက်နဲ့ လူလုပ်နေတာ၊ လူ့တိရစ္ဆာန် တစ်ယောက် စော်ကား လိုက်တာ ကိုတိုင်းသိပြည်သိအောင် မောင်း မထုဘူး သိလား''

`ဩော်.... မျက်ချယ်ရယ်'

ပွင့်မျက်ချယ်ကို ဆွေးမြည့်စွာ သူကြည့်နေသည်။

``ပြန်မယ်၊ ရှင့်မျက်နှာကို ဆက်မြင်နေရရင် သတ်မိလိမ့်မယ်''

ပွင့်မျက်ချယ်သူ့ရှေ့မှ ချာခနဲ လှည့်ပြီး လှေကားက ပြေးဆင်းခဲ့သည်။ ဒေါ်တင် ရှေ့မှ ဟန် မပျက် ထွက်ခဲ့သည်။

ကောင်းထက်မိုးက ကြမ်းပြင်ပေါ်က စာချုပ်တွေကို ကောက်ပြီး လှေကားက ပြေးဆင်းလာ သည်။ ပွင့်မျက်ချယ်. ခြံဂိတ်သို့ ရောက်နေသည်ကို တွေ့ရသည်။

ကားဂိုဒေါင်ထဲကို ပြေးပြီး ကားကို အမြန်ထုတ်သည်။ သူထွက်လာတော့ ခြံဂိတ်တွင် ပွင့်မျက်ချယ်မရှိတော့။

ခပ်လှမ်းလှမ်းတွင် လေးဘီး အငှားတစ်စီးပေါ်တက်သွားသည်ကို တွေ့လိုက်ရသည်။ လေးဘီးကားနောက်မှ မေးပြီးလိုက်ခဲ့သည်။ ပွင့်မျက်ချယ် အိမ်သို့ ပြန်နေတာကို သိလိုက်သည်။

*

လေးဘီးကားကို ပွင့်မျက်ချယ် ဆင်ဝင်အောက်ထိ မောင်းခိုင်းသည်။ ကားပေါ်မှ ဆင်းပြီး ကားခရှင်းသည်။ အိမ်ထဲသို့ သွက်သွက်လှမ်းဝင်လိုက်သည်။

``ကျွီ .... ''

အိမ် ဆင်ဝင်အောက်မှာ ကားရပ်သံကြား၍ လှမ်းကြည့်သည်။ ကားပေါ်မှကောင်းထက်မိုး၊ ဆင်းလာတာကို တွေ့ရသည်။ ကားပေါ်မှ ဆင်းပြီး ကားခရှင်းသည်။ အိမ်ထဲသို့ သွက်သွက် လှမ်း ဝင်လိုက်သည်။

``ကျွီ ...''

အိမ် ဆင်ဝင်အောက်မှာ ကားရပ်သံ ကြား၍ လှမ်းကြည့်သည်။ ကားပေါ်မှ ကောင်းထက်မိုး ဆင်းလာတာကို တွေ့ရသည်။ ပွင့်မျက်ချယ် ဒေါသတွေ ဆူဝေသာသည်။

``ရှင် ... ဘာလာ နှောင့်ယှက်ပြန်ပြီလဲ''

ပြောပြီး ကောင်းထက်မိုးကို ရန်ထောင်လိုက်သည်။ ထိုအချိန်တွင် ကားသံကြား၍ ဝင့်သက် လယ်က ဧည့်ခန်းသို့ လာကြည့်လိုက် ဖြစ်သည်။

``ဟယ် .... မျက်ချယ်ကို ကောင်းထက်မိုး လိုက်ပို့တယ်ဟုတ်လား''

``ဟုတ်တယ် .... ဝင့်သက်လယ်''

ပွင့်မျက်ချယ် မဖြေခင် ကောင်းထက်မိုးက ဦးအောင်ဖြေလိုက်သည်။

``မျက်ချယ်ရယ်၊ ဧည့်သည်ကို အိမ်ထဲ ခေါ်လေ''

ပွင့်မျက်ချယ် နှုတ်ခမ်းလေးကို ဖိကိုက်လိုက်သည်။ ကောင်းထက်မိုးကို ဒေါသမျက်ဝန်းတွေ နှင့် ကြည့်လိုက်သည်။ ပြီးတော့ ချာခနဲ လှည့်ပြီး အိမ်ထဲသို့ ဝင်ခဲ့သည်။

``မမဝင့် ဘာသာ ဧည့်ခံတော့''

ဝင့်သက်လယ်ကို လှည့်မကြည့်ဘဲ ပြောပြီး သူမ အခန်းသို့ လှမ်းခဲ့သည်။

``ကိုကောင်းထက်မိုး အိမ်ထဲ ဝင်ပါဦး''

``မဝင်တော့ဘူး ဝင့်သက်လယ်၊ ဒီမှာ အိမ်စာချုပ်တွေ ယူထားလိုက်နော်''

``ဟင် ... ''

ဝင့်သက်လယ် ပါးစပ်လေး အဟောင်းသားနှင့် အံ့အား သင့်သွားသည်။

``ဒါ ... ဒါ .... ဝင့်ကို ပြန်ပေးတာ ဟုတ်လား၊ ညီမလေး ဘယ်က ပိုက်ဆံရလို့ ရွေးတာလဲ ဟင်''

``ဒါတွေ မသိချင်ပါနဲ့ ဝင့်သက်လယ်၊ စာချုပ်တွေ ပြန်ရနေပြီပဲ၊ ပြီးရောပေါ့ ... ဟုတ်လား''

အူကြောင်ကြောင်နှင့် လှမ်းပေးနေသော စာရွက်တွေကို ဝင့်သက်လယ် လှမ်းယူလိုက် သည်။

``ကဲ .... သွားမယ် .... ဝင့်သက်လယ်''

``ဟုတ် ... ဟုတ်ကဲ့''

ကားကိုတစ်ရှိန်ထိုး ဝင့်သက်လယ်ရှေ့မှ မောင်းထွက်ခဲ့သည်။ ငေးမော၍ နားမလည်စွာနှင့် ဝင့်သက်လယ် ကျန်ရစ်ခဲ့သည်။

*